KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့

ဒီဇင်ဘာလ (၁၀) ရက်နေ့၊ ၂၀၂၀ ခုနှစ်

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကမ္ဘာတစ်ဝှမ်းလုံး၌ နှစ်စဉ်နှစ်တိုင်း ကျင်းပကြပါသည်။ ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုလိုက်ချိန်မှ စ၍ စာတမ်းတွင်ပါရှိသောသတ်မှတ်ချက်များနှင့် လူတိုင်းကိုယ်ပိုင်အခွင့်အရေးများကိုရရှိနိုင်မည့်ကမ္ဘာကြီးတစ်ခုဖြစ်လာစေမည်ဟူသောမျှော်လင့်ချက်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လူ့အခွင့်အရေးအပြည့်အဝရရှိရေးအတွက် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ဤကဲ့သို့ပါဝင်ခွင့်ရသောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လူ့အခွင့်အရေးဟူသည်မှာ လူတစ်ဦးတစ်ယောက် (သို့မဟုတ်) လူမှုအသိုက်အဝိုင်းတစ်ခု၏လိုအပ်ချက်နှင့် ရပိုင်ခွင့်များကို အပြည့်အဝရရှိပြီး ပျော်ရွှင်သောအသက်တာဖြင့်နေထိုင်နိုင်ခွင့်ကို ဆိုလိုပါသည်။ အဆိုပါအခွင့်အရေးများသည် ရိုးရှင်းပုံပေါ်သော်လည်း ၎င်းတို့ကိုရရှိနိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံခြင်းနှင့် သက်ဆိုင်သောတာဝန်ရှိသူများမှ ထိုအခွင့်အရေးများကို ဥပဒေများ၊ မူဝါဒများနှင့်လုပ်ဆောင်ချက်များတွင်ထည့်သွင်းရန်လိုအပ်ပါသည်။ နိုင်ငံတိုင်းသည်လူ့အခွင့်အရေးကိုလေးစားလိုက်နာရန်တာဝန်ရှိသည့်အပြင် ထိုအခွင့်အရေးများအပြည့်အဝရရှိရန်အတွက် တက်ကြွစွာလုပ်ဆောင်ရန် တာဝန်ဝတ္တရားရှိပါသည်။ လူတိုင်းသည်အသက်ရှင်နေထိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်း၊ မြေယာ၊ ခိုလှုံရာနှင့်အစားအစာတို့အားရရှိပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင်ပါဝင်ခွင့်နှင့် သန့်ရှင်း၍လုံခြုံမှုရှိသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ရှိသည်။ ထို့ပြင် လူတိုင်းသည်မိမိနိုင်ငံတွင် နိုင်ငံသားတစ်ယောက်အနေဖြင့် နိုင်ငံ၏လုပ်ဆောင်ချက်များတွင် ပါဝင်ခွင့်ရှိပါသည်။ မြန်မာအစိုးရအနေဖြင့်ထိုအခွင့်အရေးများအားလေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် KHRG မှတိုက်တွန်းလိုပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသောဒေသခံတိုင်းရင်းသားများသည် ဆိုးရွားလှသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကိုဆက်လက်ရင်ဆိုင်နေကြရပါသည်။ ဤလူ့အခွင့်အရေးချိုးဖောက်မှုများသည် ခံရသူများအတွက်၎င်းတို့၏စီးပွားရေးနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတို့တွင်သက်ရောက်မှုရှိစေပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပြင်ကမ္ဘာအနှံ့ဖြစ်ပွားသော ကိုဗစ်-၁၉ (COVID-19) ရောဂါသည်လည်းစိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေပါသည်။ ဤကပ်ရောဂါသည်ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းအခြေအနေများကို ပိုမိုဆိုးရွားစေပြီး ဆက်လက်ဖြစ်ပေါ်နေသောလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ဆက်စပ်၍လည်း ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်စေပါသည်။ ကိုဗစ်-၁၉ ကာလအတွင်းချမှတ်ထားသောခရီးသွားလာရေးတင်းကြပ်မှုများသည် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်ရည်ရွယ်သော်လည်း ရာသီထွက်ကောက်ပဲသီးနှံများကိုမှီခိုနေရသော မိသားစုဝင်များ

နှင့်နေ့စဉ်ဝင်ငွေကိုသာမှီခိုနေရသူများအဖို့ စားဝတ်နေရေးအတွက်ကျပ်တည်းမှုဖြစ်စေပါသည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေဆဲဖြစ်သော မြန်မာနိုင်ငံရှိအချို့သောနေရာဒေသများတွင် ကိုဗစ်-၁၉ ရောဂါသည် လူအများ၏ အသက်ကို ခြိမ်းခြောက်နေသော ဒုတိယစိုးရိမ်ဖွယ်ရာအဖြစ်ရှိနေပါသည်။ ကိုဗစ်ကာလအတွင်း တပ်မတော် သည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေဆဲဖြစ်သော မြန်မာပြည်အရှေ့တောင်ပိုင်းကဲ့သို့သောဒေသများတွင် ထိုးစစ်များ၊ စစ်ဖက်ဆိုင်ရာလှုပ်ရှားမှုများနှင့် အရပ်သားများအားတိုက်ခိုက်ခြင်းတို့ကို ဆက်လက်၍လုပ်ဆောင် လျှက်ရှိပါသည်။

၂၀၂၀ ခုနှစ်၏ လူ့အခွင့်အရေးနေ့ဆောင်ပုဒ်သည် ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသောကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်၍ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများတွင် လူ့အခွင့်အရေးကို အဓိကထားခြင်းဖြင့် ပိုမိုကောင်းမွန်လာအောင်လုပ် ဆောင်ရန်အလေးပေးထားပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်ကြသောဒေသခံတိုင်းရင်းသားများ သည် ကိုဗစ်ရောဂါနှင့်စပ်ဆက်၍စိန်ခေါ်မှုများကိုရင်ဆိုင်နေရသည့်အပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ကိုပါရင်ဆိုင်ကြုံတွေ့နေကြရသည်။ သို့ဖြစ်ပါ၍ ထိုရင်ဆိုင်ကြုံတွေ့နေရသောစိန်ခေါ်မှုများကို ပြန်လည်ကောင်း မွန်အောင်လုပ်ဆောင်ရာတွင် အထူးကြိုးပမ်းအားထုတ်မှုများလိုအပ်နေသည်။ ပြည်သူများ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဆိုင်ရာကောင်းကျိုးကိုပြန်လည်ထူထောင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ရာတွင်အသက်ရှင်နေထိုင် ခွင့်ကဲ့သို့သောအခြေခံအခွင့်အရေးများအတွက် အာမခံချက်ရှိရမည်ဖြစ်သည်။ မြန်မာအစိုးရနှင့်ကရင်အမျိုး သားအစည်းအရုံး (KNU) အစိုးရတို့အနေဖြင့် ကိုဗစ်ကြောင့်ဖြစ်ပေါ်နေသောဆိုးကျိုးသက်ရောက်မှုများကိုကူညီ ဖြေရှင်းပေးရမည့်အပြင်ရွာသားများအပေါ် လူအခွင့်အရေးချိုးဖောက်မှုများဆက်လက်မဖြစ်ပွားစေရန်အတွက် အာမခံပေးရမည်ဖြစ်သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသောတိုင်းရင်းသားလူနည်းစုများသည် ပဋိပက္ခများကို အချိန်ကာလ ကြာမြင့်စွာရင်ဆိုင်လာခဲ့ရသည့်အပြင်၎င်းတို့၏အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်နှင့် ရုပ်ပိုင်းဆိုင် ရာလုံခြုံမှုတို့အတွက် လျစ်လျူရှုခံထားကြရသည်။ မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါစီးပွားရေးကုစားမှုအစီအစဉ် (Myanmar's COVID-19 Economic Relief Plan) သည် မြန်မာပြည်တွင်းရှိနေရာအနှံ့အပြားတွင် နေထိုင် ကြသော တိုင်းရင်းသားများ၊ ဘာသာရေးအဖွဲ့အားလုံးအတွက်ပါဝင်နိုင်စေရန် မြန်မာအစိုးရမှသေချာစွာ ဆောင် ရွက်ပေးရန်အတွက် KHRG မှတိုက်တွန်းလိုက်ပါသည်။ မြန်မာနိုင်ငံ၏ကိုဗစ်ရောဂါစီးပွားရေးကုစားမှုအစီအစဉ် (CERP) တွင် အခြေခံဝင်ငွေရရှိသူများကို အဓိကဦးစားပေးရမည်ဖြစ်သည်။ အထောက်အပံ့အဖွဲ့အစည်းများ၊ အလှူရှင်များ၊ KNU နှင့် မြန်မာအစိုးရနှစ်ဖက်စလုံး၏အစိုးရဌာနများမှ COVID-19 ကုစားရေးကြိုးပမ်းအားထုတ် မှုများအပေါ် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး မည်သူ့ကိုမျှချန်လှပ်ထားခြင်းမရှိစေရန်အတွက် သေချာစွာလုပ်ဆောင် ရမည်ဖြစ်သည်။

ဆက်သွယ်ရန်

နော်ထူးထူး - +66 (0) 872 051 856

စောနွဲ့ဆူး - +95 (0) 977 675 3790